သူ ပင့်သက်ရှိုက်မိသည် ။

ဖတ်ဖူးခဲ့သော ပန်ထွာဘုရင်မ၏ အလှတရားများကဲ့သို့ ဒီမိန်းမ ကိုယ်မှာ ဆံဖျားကနေ ခြေဖျားအထိ တစ်လက်မ တိုးရွှေ့ကြည့်မိတိုင်း ကဗျာကာရံတွေ အဆုံးအစမဲ့ ထွက်လာနိုင်သေးသည် ။

ထို့ကြောင့် သူ နှုတ်ခမ်းအောက်လွှာကို ခပ်ဖိဖိကိုက်ကာ မျက်ဝန်းတွေကို ရွှေ့ဖယ်ပစ်ဖို့ အားထုတ်လိုက် သည် ။ သို့သော် နောက်ထပ် စုန်ဆင်းသွားမိသည့် မျက်ဝန်းတို့ က လွတ်လွတ်လပ်လပ်ချထားသော ဖဝါးစောင်း လေးတွေ၊ နီရဲနေသည့် လက်ချောင်းကလေးတွေဆီမှာ ရပ်တန့်သွားပြန်သည် ။

သူမကတော့ ခန်းဆီးသိမ်းထားသည့် မှန်ပြတင်းကနေ ကုမ္ပဏီ၏ အောက်ဘက် ခြံဝန်းကြီးထဲကို ငြိမ် သက်စွာ ငေးကြည့်နေဆဲသာ။

နုဖတ်သော စံကားဝါရောင် ဝတ်စုံလေးနှင့် ရှိုးရိုးထမီကို ခြေဖမိုးထက်မှာ ပုံနေသည် အထိ ဝတ်ထား၏။ လက်ပိုက်ထားတာလည်း မဟုတ်၊ တစ်စုံတစ်ခုကို ကိုင်နေခြင်းလည်း မရှိ။

လက်နှစ်ဖက်စလုံး ဒီတိုင်းချထားပြီး ရပ်နေတာ ဖြစ်သည် ။

ဒါပေမဲ့ တောင့်တောင့်မတ်မတ်ကြီး မဟုတ်သလို နုနုနွဲ့နွဲ့ဟန်တွေလည်း မပါ။

ဘယ်လိုနေနေ လှနေသောသူမသည် ငြိမ်ငြိမ်ကလေး ရပ်နေပုံလေးကိုက လှနေပြန်သည် ။ အသက်သုံး ဆယ်ကျော်ဆိုသော မိန်းမတစ်ယောက်က မယုံနိုင်စရာဖြစ်လောက်အောင် လှနေ၏။

သူမဘက်က အကြည့်၊ အမူအရာ ဘာမှ ပြုမူခဲ့ခြင်းမရှိသေးဘဲ ဘေးကရပ်ငေးနေရင်း ဆွဲညို့ခံနေရ သလို မျက်တောင်မခတ်နိုင် ဖြစ်ခဲ့ရတာ

င့် ပဲ တစ်လှမ်းချင်းသွားနေခဲ့သည် ။

ခဏကြာအောင် တိတ်နေခဲ့ပြီးမှ ...

"မင်းတို့ ကတော့ ဆယ်နေကဲဆိုတဲ့ ကောင်ကို မေတ္တာရှိနေကြလို့ ဒီလိုတွေးပေးနေကြတာဖြစ်မှာ ပါ"

"မင်းကို ဘယ်သူက မေတ္တာမရှိစွာ ဝေဖန်လိုက်လို့ လဲ၊ ဘယ်သူလဲ၊ ဆေးကျောင်းက မင်းမင်းမြတ်လား၊ သူက နေပုံထိုင်ပုံကိုက အဘွားအိုပေါက်စလေးလိုပဲ၊ မင်းက အရမ်းဟောက်ဖြစ်တော့ ကြိုက်ကလဲကြိုက်ချင်၊ ကြိုက်လဲ မကြိုက်ရဲဖြစ်ပြီး ဇီဇာကြောင်နေတာပါ၊ ဘာပြောပြောခေါင်းထဲထည့်မနေနဲ့ "

ဆယ်နေက ဟွန့်ခနဲမဲ့၍ ရယ်သည် ။ ဟုတ်လို့ ဝန်ခံသလိုလို၊ မဟုတ်လို့ လှောင်လိုက်တာလိုလိုနှင့် ပြော သည့် ချမ်းသာပင် ကြောင်တောင်တောင် ဖြစ်သွား၏။

ဘေးက အကဲခတ်ပြီး သဘောပေါက်သွားသူက မင်းကောင်း ဖြစ်သည် ။

"မိန်းကလေးတစ်ယောက်က မဲ့တာလောက်ကို ဒီကောင် ဘယ်တုန်းက ကြွေဖူးလို့ လဲ၊ အဲဒါနဲ့ မဆိုင်နိုင် ဘူး၊ ဘာဖြစ်လာတာလဲ"

ဆယ်နေ့ကို မေးဆတ်မေး၏။

ကန်ပေါင်ပေါ်တက်လာခဲ့ကြပြီး ထိုင်လို့ ကောင်းသည့် နေရာလည်း မဟုတ်ဘဲ ဆယ်နေက ကန်စပ်ဘက် မှာ ဒီတိုင်း ထိုင်ချလိုက်သည် ။ သုံးယောက်မှာ လည်း လိုက်ထိုင်ရမလိုလို၊ ဆက်သွားဖို့ ပဲ ပြန်ဆွဲထူရမလိုလိုနှင့် ဂျော်နီက ထိုင်သည် ၊ နှစ်ယောက်က ဟန်ပြင်တုန်း...

"မင်းတို့ ပြောတာတွေ တစ်ခုမှ မဟုတ်ဘူး "

ငွေရှစ်ဆယ်သူဌေးသားလေးလို ကြော့ကြော့မော့မော့လေး ကြီးပြင်းခွင့်ရလာခဲ့တယ်၊ ဒါပဲ မဟုတ်လား"

"ဆယ်နေရဲ့ စရိုက်ကိုက မမိုက်ပါဘူး၊ မကြောက်တတ်ပေမယ့်..."

"ကြောက်တတ်ရမယ်၊ ကြောက်တတ်ဖို့ ကို လိုချင်တာ၊ အခုပုံစံက ဂျစ်ကန်ကန် မာကျောကျောနဲ့ ဒေါ်လေးတို့ ကျွန်မ ခိုင်းတာကို နာခံခဲ့သမျှ ဒါပဲလေ၊ အများကြီး မျှော်လင့်ပြီး ပြန်လာခဲ့တဲ့ ကျွန်မရဲ့ မျှော်လင့် ချက်တွေ အခု ဘယ်မှာ လဲ၊ ကျွန်မကပဲ ပေးဆပ်ပြီးရင် ပေးဆပ်နေရပါလား"

"အို... ဒီလိုလဲ မဟုတ်ပါဘူး၊ ဆယ်နေက သမီးကို မြင်ကတည်းက လေးစားရိုသေနေခဲ့တာပါ၊ သမီး ဖြစ်စေချင်တဲ့ ပုံစံ..."

"ဘာမှ မဖြစ်တော့ဘူး"

"ဟင်"

ကင်းက လက်သီးနှစ်ဖက်ဆုပ်ပြီး ကျောခိုင်းရပ်လိုက်၏။

"ဘာတွေမြင်လဲ"

"လှပါတယ်"

"ဟုတ်ရဲ့ လား"

"ဟုတ်ပါတယ်"

'တောက်' ကင်း တက်ခေါက်သည် ။ 'ဆယ်နေကဲ' ဆိုသော လူငယ်တစ်ယောက်၏ ရဲတင်းစူးရှသော မျက်လုံးရိုင်းများက ရွံစရာ။

ထိုနေ့က စကားလုံးတွေကို သတိရမိတိုင်း နောက်ထပ် ခေါ်ပြောဆက်ဆံချင်စိတ်ကို ကုန်ခန်းစေခဲ့ သည် ။ မျက်လုံးတွေကို မကြည့်နဲ့ လို့ အ

